**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့**

**အစည်းအဝေး**

**ဒုတိယနေ့မှတ်တမ်း**

**၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်**

**(၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့စတင်ပါတော့မယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၇ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအစုအဖွဲ့ရဲ့ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၇ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြီးကြပ် ကွပ်ကဲမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၃၂၃ ဦးရှိပြီး အစည်းအဝေးကို ၃၁၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ ၉၈.၁၄ ရာခိုင်နှုန်းရှိပါတယ်။ နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၅ နည်းဥပဒေခွဲ(က)အရ ဒုတိယသမ္မတတစ်ဦးရွေးချယ်တင်မြှောက်နိုင်ရန် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေး ကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့အစီအစဉ်သို့ မတက်ရောက် နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး အောင်မြေသာစံ မဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၃၂၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၁၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁ ဦး ရှိပါတယ်။ ၎င်းကတော့-

(၁) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားထားသူ ၅ ဦး၊ ယနေ့ ခွင့်ပန်ကြားထားသူ ၁ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ၆ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ(ဂ)အရ လွှတ်တော်

ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယသမ္မတလောင်းများ အမည်စာရင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတလောင်းများ၏ အဆိုပြုလွှာများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၉ အရ ဣန္ဒြဲနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်ခဲ့ရာ ပြည့်စုံမှုရှိကြောင်း တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်များက အဆိုတင်သွင်းထားတဲ့ ဒုတိယသမ္မတလောင်း နှစ်ဦး၏ အက္ခရာစဉ်အလိုက် အမည်စာရင်းမှာ (၁) ဒေါက်တာစိုင်းမောက်ခမ်း၊ လားရှိုးမဲဆန္ဒနယ်၊ (၂) ဦးထင်ကျော်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်(ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း) တို့ဖြစ်ကြပါတယ်။ ဒါကြောင့် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုတဲ့အတွက် ဒုတိယသမ္မတ တစ်ဦး ရွေးချယ်တင်မြှောက်နိုင်ရန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၂ အရ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယသမ္မတလောင်း အမည်စာရင်းတင်သွင်းရာ၌ (၂)ဦးရှိသဖြင့် ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ခြင်း

**ဥက္ကဋ္ဌ ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲပေးပွဲမစတင်မီမှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးပုံပေးနည်းကို ရှင်းလင်းပြောကြားပါမယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ၊

နည်းဥပဒေများနှင့်အညီ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးပွဲကို ကျွန်တော်နှင့် ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့ရဲ့ရှေ့မှောက်မှာ ပြုလုပ်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒမဲ ပေးရာမှာ လွတ်လပ်စွာ ဆန္ဒပြုနိုင်ဖို့အတွက် အစည်းအဝေးခန်းမအတွင်း သီးသန့်နေရာများ စီစဉ် ထားရှိပါတယ်။ ဆန္ဒမဲပေးရာမှာ အသုံးပြုမယ့် ဆန္ဒမဲလက်မှတ်များကို ပြည်သူ့လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ကျွန်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့ရဲ့ရှေ့မှောက်မှာ ရေတွက်ပြီး ကျွန်တော့်ထံ တင်ပြမှတ်တမ်းတင်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရုံး တာဝန်ရှိဝန်ထမ်း များက ကျွန်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ဝင်တို့ရဲ့ရှေ့မှာ ဆန္ဒမဲပုံးများအတွင်း မည်သည့်အရာမျှမရှိကြောင်းပြပြီး မဲပုံးများကို မြင်သာတဲ့နေရာမှာ ထားရှိမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ထားတဲ့နေရာများမှာ လက်မှတ်ထိုး ထုတ်ယူပြီး သတ်မှတ်ထားတဲ့ လျှို့ဝှက်ဆန္ဒပြုရန်နေရာများမှာ ဆန္ဒပြုရာမှာဖြစ်ပါတယ်။ ဆန္ဒပြုရာမှာ ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူတစ်ဦးအား မင်ဖြင့် အမှန်အမှတ်အသားကိုလည်းကောင်း၊ ကျန် ကန့်ကွက်သူတစ်ဦးအား မင်ဖြင့် ကြက်ခြေခတ်အမှတ်အသားကိုလည်းကောင်း အထင်အရှားပြုရာမှာ ဖြစ်ပါတယ်။ ထို့နောက် ဆန္ဒမဲလက်မှတ်ကို မိမိတို့ကိုယ်တိုင် ဆန္ဒမဲပုံးထဲသို့ ထည့်ရမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ ဆန္ဒမဲလက်မှတ်ပေါ်မှာ မှားယွင်းရေးသားမိပါက ယင်းဆန္ဒမဲလက်မှတ်ကို ပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ် လဲလှယ်ပေးဖို့ တောင်းခံနိုင်ပါတယ်။ ဆန္ဒမဲလက်မှတ်အဟောင်း ကို လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ဝင်က ကျွန်တော်ရှေ့မှောက်မှာ ချက်ခြင်းဖျက်ဆီးပစ်ရာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၅ အရ ဒုတိယသမ္မတလောင်း တစ်ဦးချင်းရရှိသော ဆန္ဒမဲလက်မှတ်များရေတွက်ရာမှာ ပယ်မဲအဖြစ် သတ်မှတ်မယ့် ဆန္ဒမဲလက်မှတ်များကတော့ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့တဲ့ဆန္ဒမဲလက်မှတ်၊ ဒုတိယ သမ္မတလောင်း တစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်၊ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊ အမှန်အမှတ်အသားနှင့် ကြက်ခြေ အမှတ်အသားများမှအပ အခြားအမှတ်အသားပြုထားတဲ့ ဆန္ဒမဲလက်မှတ်၊ မည်သူ့ကို ဆန္ဒပြုထား ကြောင်း မသိနိုင်တဲ့ ဆန္ဒမဲလက်မှတ်၊ ပြည်သူ့လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့ ဆန္ဒမဲလက်မှတ်၊ အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်၊ ထောက်ခံသူကို အမှန်အမှတ်အသားတစ်ခုတည်းသာ ပြုလုပ်ပြီး ကန့်ကွက်သူကို ကြက်ခြေအမှတ် အသားပြုလုပ်ထားခြင်းမရှိသော ဆန္ဒမဲလက်မှတ် အရေအတွက်တို့ဖြစ်ပါတယ်။ ထို့အတူ ထပ်မံရှင်းပြ

လိုတာကတော့ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(စ)အရ ထောက်ခံသူတစ်ဦးအား မင်ဖြင့် အမှန်အမှတ်အသားကိုလည်းကောင်း၊ ကျန်ကန့်ကွက်သူတစ်ဦးအား မင်ဖြင့် ကြက်ခြေအမှတ်အသားကိုလည်းကောင်း အထင်အရှားပြုရမှာဖြစ်ပါတယ်။

ဒီအချက်ကို ကျွန်တော် ထပ်မံရှင်းလင်းတင်ပြပါ့မယ်။ ထို့အတူ ထပ်မံရှင်းပြလိုတာကတော့ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(စ)အရ ထောက်ခံသူတစ်ဦးအား မင်ဖြင့် အမှန်အမှတ်အသားကိုလည်းကောင်း၊ ကျန်ကန့်ကွက်သူတစ်ဦးအား မှင်ဖြင့် ကြက်ခြေအမှတ်အသားကိုလည်းကောင်း အထင်အရှားပြုရမှာဖြစ်ပါတယ်။ သေချာအောင် ပြောရမယ်ဆိုရင် ထောက်ခံမည့်သူကိုသာ အမှန်အမှတ်အသားပေးပြီး မထောက်ခံတဲ့သူကို ကြက်ခြေအမှတ်အသား မပြထားခြင်းအတွက် အဲဒီမဲလက်မှတ်ဟာ ပယ်မဲဖြစ်သွားပါမယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၃ အရ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော်ကလည်း လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တွေနှင့်အတူ မဲပေးမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးပွဲ မစတင်မီ ဆန္ဒမဲပေးပွဲမှာ အသုံးပြုမယ့် ဆန္ဒမဲလက်မှတ်များကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(ဃ)နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်မှာ တာဝန်ပေးထားတဲ့ ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ရေတွက်ပြီး ကျွန်တော့်ထံ ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။

[ ဆန္ဒမဲပေးရာတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ယူဆောင်လာတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၅၀ ရွက်ဖြစ်ပါတယ်။ ယနေ့ တက်ရောက်သူ ၃၁၇ ဦးဖြစ်တဲ့အတွက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆန္ဒမဲလက်မှတ် ၃၁၇ ရွက် ယူဆောင်သွားမှာဖြစ်ပြီး ကျွန်တော့်ထံမှာ မဲလက်မှတ် ၃၃ ရွက်ကျန်ရှိမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒုတိယသမ္မတတစ်ဦးကို ဆန္ဒပြုရွေးချယ်ဖို့ ဆန္ဒမဲလက်မှတ်များကို အစည်းအဝေးခန်းမအတွင်း သတ်မှတ်ထားတဲ့ ကောင်တာများရှိ ဝန်ထမ်းများထံမှ လက်မှတ်ရေးထိုး

ထုတ်ယူဖို့ ဖြစ်ပါတယ်။ ဆန္ဒမဲပေးရာတွင် ရှင်းလင်းလွယ်ကူစေရန်အတွက် အတန်းအလိုက် ဖိတ်ခေါ် ပေးမှာ ဖြစ်ပါတယ်။ ယခု ကိုယ်စားလှယ်များရဲ့ ထိုင်ခုံအကန့်အလိုက် ရှေ့တည့်တည့်မှာရှိတဲ့ စားပွဲမှာ ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်းလက်မှတ်ရေးထိုးထုတ်ယူပြီး သတ်မှတ်ပေးထားတဲ နေရာများမှာ ဆန္ဒပြုကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု ရှေ့ဆုံး A တန်းမှကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ**။ ။ ယခု B တန်းမှကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ**။ ။ ယခု C တန်းမှကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေး နိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ**။ ။ ယခု D တန်းမှကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေး နိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ**။ ။ ယခု E တန်းမှကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေး နိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ**။ ။ ယခု F တန်းမှကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေး နိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ။** ။ ယခု G တန်းမှကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေး နိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ။** ။ ယခု H နဲ့ I တန်းမှကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေး နိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

**ဥက္ကဋ္ဌ။** ။ ယခု ကျွန်တော်ကိုယ်တိုင် မဲပေးမှာဖြစ်ပါတယ်။

[ဥက္ကဋ္ဌကိုယ်တိုင် ဆန္ဒမဲပေးပါသည်။ ]

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယသမ္မတလောင်းများအားဆန္ဒမဲပေးလို့ပြီးပါပြီ။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(ဇ)အရကိုယ်စားလှယ်များကိုထုတ်ပေးထားတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်နဲ့ ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်တို့ ကိုက်ညီခြင်းရှိ/မရှိ ရေတွက်ရမှာဖြစ်ပါတယ်။ အကယ်၍ ထုတ်ပေးထားတဲ့ဆန္ဒမဲလက်မှတ်က ၃၁၇ ရှက်ဖြစ်ပြီးတော့ မဲပုံးထဲက ပြန်ပြီးစိစစ်ရေတွက်တဲ့အရေအတွက်က ၃၁၇ ထက်ပိုပြီးရှိနေရင် နောက်တစ်ကြိမ် ပြန်ပြီး ရွေးချယ်တင်မြှောက်ရပါမယ်။ ထုတ်သွားတဲ့ဆန္ဒမဲလက်မှတ် ၃၁၇ ရှိတဲ့အနက် မဲပုံးထဲက ပြန်ထုတ်တဲ့အခါမှာ ၃၁၇ ထက်လျော့ပြီး ရှိနေလျှင်သော်လည်းကောင်း၊ တူညီနေလျှင် သော်လည်းကောင်း ဒီဆန္ဒမဲပေးပွဲအောင်မြင်မှာဖြစ်ပါတယ်။ ယခု စတင်ရေတွက်ပါမယ်။

[ဆန္ဒပြုသည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။]

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များကို ထုတ်ပေးထားတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက် ၃၁၇ မဲ ဖြစ်ပြီး၊ ယခု ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၃၁၇ မဲဖြစ်တဲ့အတွက် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ(ဇ) နည်းဥပဒေခွဲငယ် ၃ အရ ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယ သမ္မတလောင်း တစ်ဦးချင်းရရှိတဲ့ ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်မှာဖြစ်ပါတယ်။ ပါတီအလိုက် ကိုယ်စားလှယ်များအား ဆန္ဒမဲလက်မှတ်ရေတွက်ရာနေရာသို့ လာရောက်လေ့လာကြည့်ရှုကြပါရန် ဖိတ်ခေါ်ပါတယ်။

[ဆန္ဒပြုသည့် ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ကြပါသည်။]

**ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတလောင်းနှစ်ဦးရဲ့ ဆန္ဒမဲများကို အားလုံးရဲ့ရှေ့မှောက်မှာ ခွဲခြားရေတွက်လို့ ပြီးပါပြီ။ ဆက်လက်ပြီး ဒုတိယသမ္မတလောင်းများရရှိတဲ့ ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ကြေညာပါ့မယ်။ (၁) ဦးထင်ကျော်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်(ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း)ရရှိသည့် ထောက်ခံဆန္ဒမဲ ၂၇၄ မဲ၊ (၂) ဒေါက်တာစိုင်းမောက်ခမ်း၊ လားရှိုးမဲဆန္ဒနယ်ကရရှိသည့် ထောက်ခံဆန္ဒမဲ ၂၉ မဲ ဖြစ်ပါတယ်။ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲမှာ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူကတော့ ဦးထင်ကျော်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်(ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း) ဖြစ်ပါတယ်။ ဒို့ကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဦးထင်ကျော်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်(ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း)ကို ဒုတိယသမ္မတအဖြစ်ရွေးချယ်တင်မြှောက်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအမည်ကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြမည်ဖြစ်ကြောင်း ကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၃ အရ ရွေးကောက်ခံ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်လိုက်တဲ့ ဒုတိယသမ္မတရဲ့ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**